# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

## ဆဋ္ဌမနေ့အစီအစဉ်

## (၂၈ – ၉ –၂၀၂၆ ) (တနင်္လာနေ့)  နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာကျော်ကျော်ဌေး၊ ထားဝယ်မဲဆန္ဒနယ်၏ **ကျောင်းမနေနိုင်သည့် ကလေးများ စာရင်းကောက်ယူပြီး အခြေခံပညာအဆင့် ပြီးမြောက်စေရန် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတင်မိုးအောင်(ခ)နေရှိုင်း၊ ရန်ကင်းမဲဆန္ဒနယ်၏ **လိုင်စင်မဲ့မော်တော်ယာဉ် များကို တရားဝင်မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်၏ **စက်တပ်ဆိုင်ကယ် များကို စနစ်တကျ ကန့်သတ်ရန်နှင့် ဘေးတွဲပုဂ္ဂိုလ်ကတစ်ဝက် နိုင်ငံတော်က တစ်ဝက်မျှခံစနစ်ဖြင့် သုံးဘီးယာဉ်ငယ်များ ရောင်းချပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးမြင့်ထွန်း၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်၏ **ကြာအင်းဆိပ်ကြီးမြို့ပေါ် TR(18)လုံးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးခင်မောင်ဝင်း၊ မော်လမြိုင်ကျွန်းမဲဆန္ဒနယ်၏ **မော်လမြိုင်ကျွန်းမြို့နယ်၌ ဓာတ်အားခွဲရုံ (66 KV) တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးရယ်ဒမ်းတန်၊ နောင်မွန်းမဲဆန္ဒနယ်၏ **ကချင်ပြည်နယ်၊ ကဆန်ချောင်းမှ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး စီမံကိန်းအား မည်သည့်အချိန်တွင် စတင်မည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးကျော်ကျော်ဦး၊ ထန်းတပင်မဲဆန္ဒနယ်၏ **ထန်းတပင်မြို့ ဆိပ်ကြီးနှင့် အောင်မင်္ဂလာရပ်ကွက်တို့အား ၁၁ကေဗွီ ထန်းတပင် ဖီဒါလိုင်းအတွင်းသို့ ပြောင်းလဲတပ်ဆင်ရန်နှင့် ဆိပ်ကြီးနှင့် သီရိဟေမာရပ်ကွက်အတွင်းရှိ ရှည်လျားဆားဗစ်များအား ၄၀၀ ဗို့ လိုင်းခန်းတို တပ်ဆင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးမောင်မောင်စိုး၊ သာပေါင်းမဲဆန္ဒနယ်၏ **သာပေါင်းမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဝန်ထမ်းအိမ်ရာအား အစောဆုံးဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းပြီး ဆက်လက်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးထွန်းထွန်းမိုး၊ ရေတာရှည်မဲဆန္ဒနယ်၏ **ရေတာရှည်မြို့နယ်၊ မြို့နယ်ပြည်သူ့ဆေးရုံကို အထူးကုဆရာဝန်ကြီးများပါဝင်သော စံကိုက်ခုတင်(၅၀) ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဦးခင်မောင်မြင့်၊ တိုက်ကြီးမဲဆန္ဒနယ်၏ **ဖလုံဘူတာကျေးရွာအုပ်စုမှ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဍ)　ဒေါက်တာနေလင်း၊ မှော်ဘီမဲဆန္ဒနယ်၏ **လယ်ပြင်စုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဎ)　ဦးစိုင်းအောင်ညွန့်၊ မိုင်းရယ်မဲဆန္ဒနယ်၏ **မိုင်းရယ်မြို့နယ် မန်မုံတိုက်နယ်ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ ထပ်မံ ခန့်ထားဖြည့်ဆည်းပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့်စပ်လျဉ်းသည့်မေးခွန်း။

၇။　ဦးအေးချမ်း၊ လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်က **"မြန်မာနိုင်ငံ ပြည်တွင်းဘဏ်များ အရေအတွက်လျော့ချပြီး ပိုမိုခိုင်မာအင်အားကြီးပြီး အရည်အသွေးမြင့်သောဘဏ်များ ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း၊

၈။　အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။　အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း၊

၁၀။　အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း၊

၁၁။　ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။